## "ပေါက်ဖော်ချစ်ကြည်ရေး"

# မြန်မာနိုင်ငံတက္ကသိုလ်ဝင်ခွင့်စာမေးပွဲကိုထူးချွန်စွာအောင်မြင်ခဲ့သောကျောင်းသူကျောင်းသားများအား တရုတ်NGOအဖွဲ့မှ ပေါက်ဖော်ပညာသင်ဆုကို အားပေးချီးမြှင့်

လတ်တလောရက်ပိုင်းအချိန်က တက္ကသိုလ်ဝင်ခွင့်စာမေးပွဲကို ထူးချွန်စွာအောင်မြင်ခဲ့သော မြန်မာနိုင်ငံကျောင်းသူကျောင်းသား(၂၃၁)ဦးတို့အား ရွှေလီမြို့အမျိုးသမီးနှင့် ကလေးငယ်တိုးတက်ဖွံ့ဖြိုးမှုစင်တာ မူဆယ်စီမံကိန်းရုံးခန်း (NGO)မှ ပညာသင်ဆုများကိုချီးမြှင့်ပေးခဲ့ပြီး မြန်မာနိုင်ငံမူဆယ်မြို့တွင်ဆုချီးမြှင့်ပေးအပ်ပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

စုံစမ်းမေးမြန်းခြင်းအရ - အဆိုပါအစီအစဉ်သည် ရွှေလီမြို့အမျိုးသမီးနှင့် ကလေးငယ်တိုးတက်ဖွံ့ဖြိုးမှုစင်တာမူဆယ်စီမံကိန်းရုံးခန်းမှ "မြန်မာအမျိုးသမီးနှင့် ကလေးငယ်ကျန်းမာရေးကို မြှင့်တင်ပေးသောစီမံကိန်း" ဖြစ်ကြောင်းသိရှိပါသည်။ မြန်မာနိုင်ငံ မူဆယ်မြို့ဒေသခံအစိုးရအုပ်ချုပ်ရေးမှူးဦးလှိုင်ဇော်သန်း၊ မူဆယ်မြို့အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်မိုးသူတင့်၊ ယူနန်ပြည်နယ်တယ်ဟုန်ပြည်နယ်ခွဲအမျိုးသမီးများအသင်း ဥက္ကဋ္ဌရန်ချွေဖန်တို့သည် အဆိုပါဆုချီးမြှင့်ပွဲအခမ်းအနားသို့တက်ရောက်ခဲ့ကြသည်။

"အဆိုပါ ပညာသင်ဆုချီးမြှင့်ပေးခြင်းဖြင့် ကျွန်မတို့ဌာနမှမြန်မာနိုင်ငံအတွက် လုပ်ဆောင်ပေးသောအစီအစဉ်များအပေါ် ပညာရေးဌာနတို့နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းစနစ်တည်ထောင်ရန်အတွက် အရေးပါသောမိုင်တိုင်တစ်ခုဖြစ်သည်သာမက ရွှေလီမြို့နှင့်မူဆယ်မြို့ကြား ချစ်ကြည်ရေးမြို့အကျိုးတူပူးပေါင်းဆောင်ရွက်မှုစနစ်အစဉ်တည်တံ့ရေးအတွက်လည်း အရေးပါသော ဆောင်ရွက်ချက်တစ်ခုဖြစ်သည်။ "ရွှေလီမြို့အမျိုးသမီးနှင့် ကလေးငယ်တိုးတက်ဖွံ့ဖြိုးမှုစင်တာ ဌာနမှူးကျန်ချင်၏ မိတ်ဆက်ခြင်းအရသိရသည်မှာ အဆိုပါအစီအစဉ်တွင် ချီးမြှင့်ပေးအပ်သောပေါက်ဖော်ပညာသင်ဆုသည် တရုတ်ယွမ်ငွေစုစုပေါင်း(၁၈၃၅၀)ရှိသည်။ မြန်မာနိုင်ငံတက္ကသိုလ်ဝင်ခွင့်စာမေးပွဲကို ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသားကျောင်းသူ(၂၃၁)ဦးကို ချီးမြှင့်ပေးအပ်ခဲ့သည်။

မိတ်ဆက်ခြင်းမှသိရသည်မှာ ရွှေလီမြို့ အမျိုးသမီးနှင့် ကလေးငယ်တိုးတက်ဖွံ့ဖြိုးမှုစင်တာ မူဆယ်စီမံကိန်းရုံးခန်းသည် ၂၀၁၄ခုနှစ်စက်တင်ဘာလ(၁၇)ရက်နေ့တွင် မူဆယ်မြို့၌ဆိုင်းဘုတ်တင်ဖွင့်ပွဲပြုလုပ်ခဲ့သည်။ စီမံကိန်းရုံးခန်းဖွင့်လှစ်ပြီးအချိန်မှ ယနေ့အချိန်ထိတိုင် "မျှတခြင်း၊ ယုံကြည်ခြင်း၊ လေးစားခြင်း၊ အားလုံးပါဝင်ခြင်း"စသည့် ရည်မှန်းချက်များဖြင့် တရုတ်မြန်မာနယ်စပ်ဒေသပြည်သူလူထုများအကြား ချစ်ကြည်ရင်းနှီးစွာ အကျိုးတူပူးပေါင်းဆောင်ရွက်မှု




မြှင့်တင်ခြင်း၊ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းနှင့် အမျိုးသမီးနှင့်ကလေးငယ်များ၏ ကျန်းမာရေးအခြေအနေအတွက် "မြန်မာနိုင်ငံအမျိုးသမီးနှင့် ကလေးငယ်များ၏ ကျန်းမာရေးအခြေအနေ တိုးတက်စေရေးစီမံကိန်း" ကို အကောင်အထည်ဖော်ဆောင်ရွက်သည်။ "ကျွန်မတို့သည် တရုတ်မြန်မာနယ်စပ်ဒေသအမျိုးသမီးများတိုးတက်ရေး၊ ကလေးငယ်များကာကွယ်ရေး၊ ကျန်းမာရေးနှင့် ညီညွတ်ရေး၊ ပညာရေးစသည့် အပိုင်းကဏ္ဍများတွင်လည်း ဆောင်ရွက်မှုများကိုလုပ်ဆောင်သည်။ ၄င်းအချိန်ကာလအတွင်းတွင် မြန်မာနိုင်ငံမူဆယ်မြို့အစိုးရ၏ အားပေးထောက်ပံ့ခြင်းနှင့် ဒေသခံပြည်သူလူထု၏ ကြိုဆိုမှုများကို ရရှိခဲ့သည်"ဟု ကျန်ချင်က ပြောသည်။

"အဆိုပါဌာနမှမြန်မာနိုင်ငံမူဆယ်စီမံကိန်းရုံးခန်းကိုတည်ထောင်ခြင်းသည် တရုတ်မြန်မာနယ်စပ် ဖလှယ်ခြင်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၏ အဓိကတံတားကြီးတစ်စင်းကဲ့သို့ ဖြစ်သည်။"ဟု ကျန်ချင်က ဆက်လက်ပြောပြသည်။ အဆိုပါဌာနသည် နည်းလမ်းပေါင်းစုံမှငွေကြေးများကို စုဆောင်းမည်ဖြစ်သည်။ "မြန်မာနိုင်ငံအမျိုးသမီးနှင့် ကလေးငယ်များ၏ ကျန်းမာရေးအခြေအနေတိုးတက်စေရေးစီမံကိန်း"ကို တိကျသေချာစွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် တရုတ်မြန်မာနယ်စပ်အမျိုးသမီးနှင့်ကလေးငယ်များ၏ ကျန်းမာရေးတိုးတက်ဖွံ့ဖြိုးမှု လုပ်ငန်းများကို လက်တွေ့ကျကျ ဆောင်ရွက်ပေးရန် ရည်ရွယ်ထားပါသည်။

ယူနန်ပြည်နယ်ရွှေလီမြို့နှင့် မြန်မာနိုင်ငံမူဆယ်မြို့တို့သည် တောတောင်ရေမြေချင်း ဆက်စပ်လျက်တည်ရှိပါသည်။ နယ်စပ်ပြည်သူလူထုက အပြန်အလှန်ဈေးဝယ်ခြင်းများပြုလုပ်ကြသည်။ နှစ်နိုင်ငံနိုင်ငံသားများ အပြန်အလှန်အိမ်ထောင်ပြုကြသည်မှာ များပြားလှပေသည်။ ယဉ်ကျေးမှုများဆက်နွယ်နေကြသည်။ ရိုးရာဓလေ့များနီးစပ်သည်။ တရုတ်မြန်မာ ပေါက်ဖော်ချစ်ကြည်ရေးသည် ဤနေရာတွင်တည်တံ့ခိုင်မြဲ၍ တည်ရှိပါသည်။

## "နိုင်ငံခြားမိတ်ဆွေ၏ယူနန်အိပ်မက်"

# စူကျယ်-အလုပ်ကိုကြိုက်နှစ်သက်သကဲ့သို့ ကူမင်းကိုလည်းကြိုက်နှစ်သက်

စူကျယ်သည် ကူမင်းကုန်စည်ပြပွဲသို့ လာနေကျဧည့်သည်ဖြစ်သည်။ သူနှင့်သူ့ညီအစ်ကိုများသည် ကူမင်းအကြီးစားကုန်စည်ပြပွဲနှင့် ဗုဒ္ဓဘာသာအနုပညာပြပွဲကို (၇)နှစ်ဆက်တိုက်လာရောက်တက်ရောက်ခဲ့သူများဖြစ်ကြသည်။

"၁၉၇၀ပြည့်နှစ်နောက်မွေးဖွားသူ" ဖြစ်သည့်စူကျယ်သည် နီပေါလက်မှုပညာပြုလုပ်သော အရှိန်အဝါကောင်းသော အိမ်ထောင်စုတွင် မွေးဖွားသည်။ ပထမအကြိမ်တရုတ်-တောင်အာရှကုန်စည်ပြပွဲသို့ တက်ရောက်ဖူးကတည်းက စူကျယ်က ကုန်စည်ပြပွဲသို့ လာနေကျဧည့်သည်တော်ကြီးဖြစ်ခဲ့သည်။ နှစ်စဉ်နှစ်တိုင်းဇွန်လတွင် ရောက်ရှိလာတတ်သည်။ သူ၏ပြခန်းနေရာတွင် ခင်းကျင်းပြသထားသော ဗုဒ္ဓရုပ်ပွားတော်အရေအတွက်က အလွန်မများသော်လည်း ပရိသတ်များစွာကို ဆွဲဆောင်မိသည်။ လူများစွာကဓာတ်ပုံရိုက်ရင်းနှင့် ချီးကျူးနေကြသည်။

စူကျယ်သည် မိသားစုဝင်များအတွင်း ဗုဒ္ဓရုပ်ပွားတော်များကို ရောင်းချပေးသော အရောင်းအဝယ်ထူးချွန်သူတစ်ဦးဖြစ်သည်သာမက ၄င်းလက်ရာပြောင်မြောက်သော အနုပညာပစ္စည်းများကို တီထွင်ဖန်တီးသော ဒီဇိုင်းနာတစ်ဦးလည်းဖြစ်သည်။ "ဒီဗုဒ္ဓရုပ်ပွားတော်ကိုကြည့်ကြည့်ပါ။ ၄င်းပေါ်တွင် အနုစိတ်သောဒီဇိုင်းများရှိသည်။ ကျွန်တော်တို့က အဆိုပါဒီဇိုင်းများကို ရိုးရာဒီဇိုင်းမှအခြေခံပြီး ပုံစံအသစ်ဖြစ်အောင်ဖန်တီးသည်။ ပြုလုပ်ရသည့်လက်မှုပညာအဆင့်များသည် သာမန်ပြုလုပ်သောဗုဒ္ဓရုပ်ပွားတော်ပုံထက် များစွာလက်ရာဝင်သည်။ ကျွန်တော်တို့မိသားစုများသည်လက်ဝတ်ရတနာနှင့် ဗုဒ္ဓရုပ်ပွားတော်ပုံများကို ဒီဇိုင်းတီထွင်နေသည်မှာ မျိုးဆက်ပေါင်းများစွာ ရှိပြီဖြစ်သည်။ အဆိုပါလှပအနုစိတ်သော ပုံသဏ္ဌာန်များ၊ ပုံစံများနှင့်ရုပ်ပုံများသည်ကျွန်တော်တို့၏သွေးထဲတွင် စီးဆင်းနေသည်။ "စူကျယ်က လာရောက်ကြည့်ရှုသောပရိသတ်များနှင့် ဗုဒ္ဓရုပ်ပွားတော်ပြုလုပ်သည့် လက်မှုနည်းပညာနှင့် အသေးစိတ်ပြုလုပ်ပုံကို ဝမ်းသာစွာရှင်းပြပေးသည်။ လုပ်အားပေးမိန်းကလေးကလည်းတစ်ကြိမ်ပြီးတစ်ကြိမ် ဘာသာပြန်ကာ ရှင်းပြပေးသည်။

စူကျယ်ကထိုကဲ့သို့ပြောသည်။ နှစ်ပေါင်းအနည်းငယ်အချိန်အတွင်းတွင် ကူမင်းမြို့တွင် သူ၏လက်မှုပညာကြိုက်နှစ်သက်သူများစွာရှိလာသည်။ လူအများသည်ကြည့်ရှုသိရှိခြင်းမှ ပိုက်ဆံပေးဝယ်ယူသည်အထိကြိုက်နှစ်သက်သူများရှိကြသည်။ ၄င်းသည်သူ၏မိသားစုလက်မှုပညာများကို အသိအမှတ်ပြုခြင်းပင်ဖြစ်သည်။ ယခုတွင်သူသည် ကူမင်းမြို့တွင် တရုတ်နိုင်ငံ အရောင်းကိုယ်စားလှယ်ကို ရှာတွေ့ခဲ့သည်။ "ကူမင်းမြို့သည်ကျွန်တော့်အတွက်ကံကောင်းမှုများစွာကို ရရှိစေသည်"ဟု စူကျယ်ကလှိုက်လှဲစွာပြောပြခဲ့သည်။ အစကတည်းကပြသသောပစ္စည်းသုံးလေးခုသာ သယ်လာခဲ့သည်။ ယခုတန်ဖိုးကြီးသော ပစ္စည်းများစွာကို သယ်ဆောင်လာခဲ့သည်။ ပြသသောပစ္စည်းအရေအတွက်များသည် လည်းဆယ်ကျော်ဖြစ်လာလေသည်။ ပြပွဲတွင်နေ့စဉ်နေ့တိုင်းအရောင်းအဝယ်ဖြစ်နေသည်။

စူကယ်ကသတင်းထောက်အားထိုကဲ့သို့ပြောသည်။ သူသည်သူ၏အနုပညာလက်ရာမြောက်ပစ္စည်းများကို ပေကျင်း၊ ရှန်ဟိုင်း၊ ကွမ်ကျိုး၊ ဟောင်ကောင်စသည့်ဒေသများသို့သွားရောက်ပြသခဲ့သည်။ သူသည်နီပေါ၏ဗုဒ္ဓရုပ်ပွားတော်ပြုလုပ်မှုနည်းပညာနှင့် အရည်အချင်းများကို လူအများနားလည်သဘောပေါက်အောင် သူ၏လက်ရာပစ္စည်းများကို တရုတ်နိုင်ငံသို့ မိတ်ဆက်ပေးရန်လည်းကောင်း၊ ထို့နည်းအတူမိမိ၏မိသားစုအတွက်လည်း လုပ်ငန်းနယ်ပယ်အသစ်ကိုတိုးချဲ့နိုင်အောင် ဆောင်ရွက်ရန်လည်းကောင်း မျှော်လင့်ပါသည်။

ယခုနှစ်ပိုင်းအချိန်တွင် သူသည် တရုတ်ဘာသာစကားကို လေ့လာသင်ယူနေသည်။ သူကအကောင်းမြင်တတ်သည်။ အမြဲပြောနေသော တရုတ်ဘာသာစကားတစ်ခွန်းမှာ "ဖြည်းဖြည်းချင်းလုပ်"ဟူ၍ပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဖြည်းညှင်းသောနေထိုင်မှုဘဝသည် သူအကြိုက်နှစ်သက်ဆုံးဘဝဖြစ်သည်။ ကူမင်းကိုဖြည်းဖြည်းချင်းခံစားလိုက်ခြင်းသည် သူနှစ်စဉ်နှစ်တိုင်းလာရောက်ရသည့် အကြောင်းအရင်းဖြစ်သည်။

သတင်းထောက် လောယုံချမ်